# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 25, 2020 Volume 32, Number 19


**၂၅.၆.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၇၀ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၀၀၀၀ |
| ဒေါ်လာဈေး | = ၁၃၉၂/- ကျပ် |
| CBM Rate | = ၁၃၉၁.၄ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၇၂.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၀၁.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၄၀.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၀၆.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၆၂.၈၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၆.၇၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၃၉၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၅.၇၆ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၅.၄၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၅.၁၃၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## တရုတ်နှင့်နယ်စပ်ကုန်သွယ်ရေးကဏ္ဍလျှော့ချနိုင်ရေးဆောင်ရွက်နေဟု စီးပွား/ကူးသန်း ဒုတိယဝန်ကြီးပြော



နယ်စပ်ကုန်သွယ်ရေးကဏ္ဍတွင် တရုတ်နိုင်ငံဘက်မှ မူဝါဒများကြောင့် မြန်မာနိုင်ငံက တရုတ်နှင့်နယ်စပ် ကုန်သွယ်ရေးအပိုင်းအား လျှော့ချနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောသည်။ ၎င်းက " ကျွန်တော်တို့အနေနဲ့ အမှန်အတိုင်းပြောရင်တော့ နယ်စပ်ကုန်သွယ်ရေးကို အားကိုးနေတဲ့အပိုင်းကို နည်းနည်းလေးတွေ လျှော့ချချင်တဲ့ သဘောရှိပါတယ်။ ဒီနှစ်မှာဆိုရင်တော့ ကျွန်တော်တို့ ပြောင်းဖူးတင်ပို့မှု ဆိုလို့ရှိရင် တရုတ်ဘက်ကနေ တစ်ခါတည်း ထိုင်းဘက်ကိုရောက်သွားရတဲ့ သဘောလေးတွေ ရှိပါတယ်။ ဆိုလိုတဲ့သဘောကတော့ ကျွန်တော်တို့ တရုတ်ဘက်ကိုလည်းပြောပါတယ်။ မင်းတို့ဘက်က ဖြေလျှော့မလား မဖြေလျှော့ဘူးလား။ မဖြေလျှော့ရင်တော့ ငါတို့အနေနဲ့လည်း ကုန်သွယ်မှုကို တခြားနေရာကို ပြောင်းရလိမ့်မယ်လို့ ဆွေးနွေးထားတာ ရှိပါတယ်" ဟုပြောသည်။

ဇွန် ၂၄ရက်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ပြုလုပ်သည့် နိုင်ငံတော်အစိုးရသစ်လက်ထက် စတုတ္ထတစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲအတွင်း အထက်ပါအတိုင်း ပြောဆိုခြင်းဖြစ်သည်။

တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးဆောင်ရွက်ရာတွင် ကုမ္ပဏီထူထောင်ထားမှု မရှိခြင်းကြောင့် ငွေကြေးကဏ္ဍ၌ အခက်အခဲများရှိနေပြီး တရုတ်နိုင်ငံရှိဘဏ်များမှ မြန်မာနိုင်ငံသားများ၏ ဘဏ်စာရင်းများပိတ်သိမ်းခံရသည့် အခက်အခဲများလည်းရှိခဲ့သည်။ ဦးအောင်ထူးက" ကုမ္ပဏီတွေ ထူထောင်ထားမှုမရှိတဲ့အခါမှာ ရလာတဲ့ ပိုက်ဆံတွေကို ဟိုဘက်က ဘဏ်တွေမှာထည့်တယ်။ အပြောင်းအရွှေ့တွေ လုပ်တဲ့


အခါမှာ သူတို့က ဒီပိုက်ဆံတွေက ဝင်ငွေရပေါက်ရလမ်း မဖော်ပြနိုင်တဲ့အခါမှာ ဒါတွေဟာ လောင်းကစားမှုလား ငွေကြေးခဝါချမှုလားဆိုပြီးတော့ ဘဏ်စာရင်းတွေကို ပိတ်တဲ့ဟာမျိုးတွေလည်းရှိပါတယ်။ ဒီအပိုင်းတွေကတော့ ဗဟိုဘဏ်နဲ့ ဆက်လက်ပြီးတော့မှ အချင်းချင်းညှိနှိုင်းသွားဖို့ ရှိပါတယ်” ဟုပြောသည်။

ယင်းအပြင် နိုင်ငံတော်အစိုးရအနေနှင့်လည်း ကုန်သွယ်ရေးကဏ္ဍတွင် နိုင်ငံတစ်နိုင်ငံတည်းကို မှီခိုနေရသည့်အခြေအနေကို အပြောင်းအလဲလုပ်နိုင်ဖို့အတွက်ကိုလည်း ရည်မှန်းချက်ထားဆောင်ရွက်နေကြောင်း ဦးအောင်ထူးကရှင်းပြသည်။ ၎င်းက “ကုန်သွယ်မှုကိုကြည့်မယ်ဆိုရင် အရင်တုန်းက ကုန်သွယ်မှုဟာ တရုတ်နိုင်ငံဘက်ကိုပဲများခဲ့ပါတယ်။ အချိုးအစားနဲ့ ပြောမယ်ဆိုရင် တရုတ်နိုင်ငံကိုကုန်းလမ်းကနေ ပို့ဆောင်တာ ၇၀ ရာခိုင်နှုန်း ကျန်တာက ၃၀ ရာခိုင်နှုန်းရှိနေခဲ့ပါတယ်။ ခုကျတော့ အခြေအနေကပြောင်းသွားခဲ့ပါပြီ။ တရုတ်နိုင်ငံဘက်ကိုပို့တာက ၃၀ ရာခိုင်နှုန်းနဲ့ တခြားပင်လယ်ရေကြောင်းက ၇၀ ရာခိုင်နှုန်းအထိ။ ဒါပြောင်းလဲလာတဲ့သဘောရှိပါတယ်။ နိုင်ငံတော်အစိုးရရဲ့မူဝါဒကလည်း နိုင်ငံတစ်နိုင်ငံတည်းကိုပဲမမှီခိုပဲနဲ့ နိုင်ငံတွေကိုဖြန့်ခွဲပြီးတော့မှ ဆောင်ရွက်ဖို့ဆိုပြီးမှ လမ်းညွှန်ထားပါတယ်”ဟုပြောသည်။ ယင်းအပြင်ကုန်ပစ္စည်းများ တင်ပို့ရောင်းချမှုတိုးမြှင့်နိုင်ရေးအတွက်ကိုလည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်ဆောင်ရွက်နေပြီး ကုန်စည်ပြပွဲများမှတစ်ဆင့် နိုင်ငံတကာဈေးကွက်ကို ချဲ့ထွင်နိုင်ရေးဆောင်ရွက်နေကြောင်း ဒုတိယဝန်ကြီးကဆိုသည်။

ဦးအောင်ထူးက ‘ဈေးကွက်အသစ်တွေက တတ်နိုင်သလောက်ရှာနေပါတယ်။ ရှာနေတယ်ဆိုတာကတော့ ဥရောပနိုင်ငံတွေပေါ့ ဈေးကွက်တွေကိုလည်း ဖြန့်ခွဲပြီးတော့ရှာပါတယ်။ ဂျပန်နိုင်ငံလိုဟာမျိုးပေါ့။ ခုဆိုလို့ရှိရင် ဂျပန်နိုင်ငံကို သရက်သီးအရည်နဲ့အေးခဲသရက်သီးတင်ပို့ဖို့ကိစ္စတွေ ဆားဘီးယားနိုင်ငံကို ငှက်ပျောသီးတင်ပို့ဖို့ကိစ္စတွေ ဒီလိုလုပ်ငန်းတွေပေါ့” ဟု ပြောသည်။ လက်ရှိအစိုးရ၏ စတုတ္ထတစ်နှစ်တာကာလအတွင်း ကုန်သွယ်မှုအပိုင်းတွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၉၆၃ ဘီလျံသွင်းကုန်အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၀၅၈ ဘီလျံရှိခဲ့တာကြောင့် ကုန်သွယ်မှုလိုငွေပမာဏကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉ ဘီလျံထိလျော့ကျအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/140655.html

## CMEC စီမံကိန်းများ မြန်မာအတွက် စီးပွားရေးအရအကျိုးအမြတ်ရှိမှသာ လုပ်ဆောင်သွားမည်ဟုဆို



တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ(CMEC) တွင် မြန်မာအတွက် စီးပွားရေးအရ အကျိုးအမြတ်ရှိမှသာ လုပ်ဆောင်သွားမည်ဟု စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ဒုတိယဝန်ကြီး ဦးဆက်အောင်က ပြောသည်။

ဇွန်လ ၂၄ ရက် နေပြည်တော်တွင်ပြုလုပ်သော အဆိုပါဝန်ကြီးဌာန၏ စတုတ္ထတစ်နှစ်တာ ဆောင်ရွက်မှုများနှင့်ပတ်သတ်သော သတင်းစာ ရှင်းလင်းပွဲတွင် မီဒီယာများ၏ မေးမြန်းမှုအပေါ် ၎င်းကပြောဆိုခဲ့ခြင်းဖြစ်သည်။

တရုတ်-မြန်မာစီးပွားရေးစင်္ကြံအတွက် Co-operation plan နှင့်ပတ်သတ်၍ နှစ်ဖက်အစိုးရအကြား လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ အဓိကအနေဖြင့် တရုတ်-မြန်မာစီးပွားရေးစင်္ကြံတွင် ပါဝင်သည့် စီမံကိန်းများကိုရွေးချယ်ရာတွင် မြန်မာဘက်ကဦးဆောင်ပြီး ရွေးချယ်မည့်အချက်တစ်ချက်ပါဝင်သည်။

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံရှိ စီမံကိန်းများရွေးချယ်ရာတွင် မြန်မာနိုင်ငံ၏ ဗျူဟာကျမှုအပေါ်မူတည်၍ ရွေးချယ်သွားမည်ဖြစ်ပြီး ထိုသို့ရွေးချယ်ရာတွင်လည်း အဓိကကျမှုသည် စီမံကိန်း၏စီးပွားရေးအရ အကျိုးအမြတ်ရှိမှု (Commercial Viability) အပေါ်မူတည်၍ မြန်မာနိုင်ငံအတွက် ပို၍ချိတ်ဆက်မှု ကောင်းမွန်ရမည့်စသည့်အချက်များ အပေါ်မူတည်ကာ ရွေးချယ်မည်ဟု ဦးဆက်အောင်ကပြောသည်။ ''စီးပွားရေးအရ ဗျူဟာကျရဲ့လား။ကျွန်တော်တို့အတွက် ဆောင်ရွက်နိုင်ရဲ့လား။ မဆောင်ရွက်သင့်ဘူးလားဆိုတာ စီးပွားရေးအရတော့ဖြစ်နိုင်ချေရှိတယ်။ ဘဏ္ဍာရေးတော့ ဖြစ်နိုင်ချေဖြစ်ရဲ့လားဆိုတာ ကျွန်တော်တို့ဆောင်ရွက်သင့်တဲ့ Feasibility Study ပြီးတော့မှ ကျွန်တော်တို့က ရွေးချယ်မှာဖြစ်ပါတယ်''ဟု ၎င်းကဆိုသည်။ ထိုသို့ ရွေးချယ်သောစီမံကိန်းများကို Project Bank ထဲထည့်သွင်းမည်ဖြစ်ပြီး Project Bank ၏ လုပ်ထုံးလုပ်နည်းအတိုင်း တင်ဒါခေါ်ခြင်း

သို့မဟုတ် Swiss Challenge ဖြင့် ဆောင်ရွက်ခြင်းဖြစ်စေ ဆက်လက်ဆောင်ရွက်သွားမည်ဟု ဦးဆက်အောင်ကပြောသည်။

တရုတ်-မြန်မာအစိုးရအကြား နှစ်နိုင်ငံအကောင်အထည်ဖော်မည့် စီမံကိန်းများသည် ကျောက်ဖြူ ရေနက်ဆိပ်ကမ်း စီမံကိန်းနှင့် အထူးစီးပွားရေးဇုန်စီမံကိန်း၊ မူဆယ်-မန္တလေး- ကျောက်ဖြူအမြန်ရထားလမ်းစီမံကိန်း၊ နှစ်နိုင်ငံနယ်စပ် ကုန်သွယ်ရေးဇုန် စီမံကိန်းသုံးခု အဓိကပါဝင်သည်။ မူဆယ်-မန္တလေး အမြန်ရထားလမ်းစီမံကိန်း၏ မြေပြင်လေ့လာစမ်းစစ်ချက် အစီရင်ခံစာအရ တရုတ်-မြန်မာစီးပွားရေးစင်္ကြံ၏ဗဟိုချက် မူဆယ်-မန္တလေးအမြန်ရထားလမ်းပိုင်း တည်ဆောက်ရေးစီမံကိန်း အတွက် အမေရိကန်ဒေါ်လာ ၈ ဒသမ ၉ ဘီလျံခန့် ကုန်ကျနိုင်သည်ဟု မြန်မာ့မီးရထားမှ တာဝန်ရှိသူကပြောဆိုထားသည်။

မန္တလေး“ကျောက်ဖြူ အမြန်ရထားလမ်းပိုင်းကို တရုတ်ကုမ္ပဏီက မြေပြင်လေ့လာဆန်းစစ်ချက်(Feasibility Study) ပြုလုပ်ရန်အတွက် စီးပွားရေးကော်မတီသို့တင်ပြရန် ပြင်ဆင်နေပြီဖြစ်သည်။ အမြန်ရထားလမ်း စီမံကိန်းနှင့်ပတ်သတ်၍ တရုတ် ကြွေးမြီထောင်ချောက်ဖြစ်မည်ကိုပြည်သူများက စိုးရိမ်ကြသည်။

စီးပွားရေးစင်္ကြံအာက်ရှိ မြန်မာနိုင်ငံက ရွေးချယ်အကောင်အထည်ဖော်မည့် စီမံကိန်းများဆောင်ရွက်ရာတွင် မြန်မာ နိုင်ငံအတွက် အကောင်းဆုံးနှင့်အသက်သာဆုံးဖြစ်သည့် ဘဏ္ဍာငွေအရင်းအမြစ်ကို ရယူဆောင်ရွက်မည်ဟု ဦးဆက်အောင်က ပြောသည်။ ယင်းစီမံကိန်းများဆောင်ရွက်ရာတွင်လိုအပ်သည့် ဘဏ္ဍာငွေအရင်းအမြစ်များရယူရာတွင် အကောင်းဆုံးဖြစ်သော ဘဏ္ဍာငွေကိုရှာ၍ နိုင်ငံတကာအဖွဲ့အစည်းများမှ ရယူသွားမည်ဟုသိရသည်။ " ဥပမာ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်တို့ ဘာတို့ကရတဲ့ ဘဏ္ဍာငွေဖြစ်ချင်လည်းဖြစ်ပါမယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် အကောင်းဆုံး၊ အသက်သာဆုံးဖြစ်စေတဲ့ ဘဏ္ဍာငွေရရှိမှု အရင်းအမြစ်ကိုရှာပြီးတော့ဆောင်ရွက်မယ်ဆိုတဲ့အချက်ကလည်း Co-operation Plan မှာ ပါရှိပြီးသားဖြစ်ပါ တယ်"ဟု ၎င်းကပြောသည်။

**Source:** https://myanmar.mmtimes.com/news/140636.html

## စီးပွားရေးကုစားမှုအစီအစဉ်အရ ထပ်တိုးရရှိသည့် ကျပ်ဘီလီယံ ၁၀၀ ဖြင့် စိုက်ပျိုးမွေးမြူရေးအပါအဝင် ကဏ္ဍနယ်ပယ်သစ်များအတွက် တိုးချဲ့ထုတ်ချေးမည်



နိုင်ငံတော်မှ ကျပ်ဘီလီယံ ၁၀၀ ထပ်မံရရှိထားသဖြင့် ကိုဗစ်ကာလစီးပွားရေးကုစားမှုအစီအစဉ် ထပ်မံဖော်ဆောင်ပြီး ယခုတစ်ကြိမ်တွင် အခြားလိုအပ်မှုများရှိသည့် ကဏ္ဍနယ်ပယ်များ ကို တိုးချဲ့ထုတ်ချေးပေးရန်စီစဉ်နေကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးကပြောသည်။ “လျှောက်လွှာသစ်တွေ ထပ်မံ ခေါ်ယူဖို့ကို မကြာခင်ရက်ပိုင်းအတွင်းမှာ ထုတ်ပြန်ပေးပါ့မယ်။ ထုတ်ပေးတဲ့အခါမှာ အတိုးနှုန်းလည်း မပြောင်းလဲပါဘူး။ ၁ ရာခိုင်နှုန်းနဲ့ပဲ ဆက်ပြီးထုတ်ပေးသွားပါ့မယ်” ဟု ဦးအောင်နိုင်ဦးကဆိုသည်။

ဇွန်လ ၂၄ ရက်က နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနရုံးတွင် အစိုးရလေးနှစ်တာကာလဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် မီဒီယာများ၏မေးမြန်းမှုအပေါ် ၎င်းကဖြေကြားခြင်းဖြစ်သည်။ မူလက လူမှုဖူလုံရေးရန်ပုံငွေ ကျပ်ဘီလီယံ ၅၀ နှင့် စီမံဘဏ္ဍာစက်မှုဝန်ကြီးဌာနမှ ကျပ်ဘီလီယံ ၅၀၊ စုစုပေါင်းမတည်ငွေ ကျပ်ဘီလီယံ ၁၀၀ ဖြင့် ကိုဗစ်ကာလအတွင်း အခက်အခဲဖြစ်ပေါ်နေသောကဏ္ဍများအနက် CMP အထည်ချုပ်လုပ်ငန်းကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍများနှင့် ပြည်တွင်းမှာရှိသော နိုင်ငံသားပိုင် အသေးစားလုပ်ငန်းများအဖြစ် ကဏ္ဍသုံးခုကို ရွေးချယ် ထုတ်ချေးပေးခဲ့သည်ဟု ဦးအောင်နိုင်ဦးက ရှင်းပြသည်။

(၇) ကြိမ်မြောက်အဖြစ်မကြာမီ ထုတ်ချေးပေးသွားမည့် အစီအစဉ်တွင် စိုက်ပျိုးမွေးမြူရေး ကဏ္ဍနှင့် ရေထွက်လုပ်ငန်းများ အပါအဝင် ကဏ္ဍနယ်ပယ်သစ်များကိုလည်း ထုတ်ချေးပေးသွားရန် ထည့်သွင်းစဉ်းစားထားသည်ဟု ဦးအောင်နိုင်ဦးကဆိုသည်။ “ဒါကလည်း ဆက်တိုက်ပေးသွားမှာပါ။ မူလစဉ်းစားစဉ်ကတော့ ကဏ္ဍသုံးခုပါ။ သို့သော်လည်း ထပ်လုပ်တဲ့အပိုင်းမှာ တခြား

ကဏ္ဍတွေကိုလည်းလိုအပ်ချက်တွေပေါ်လာတာရှိတဲ့အတွက် နောက်ချေးငွေ ထပ်ထုတ်ပေးတဲ့အပိုင်းမှာ တိုင်းပြည်အ တွက် အရေးကြီးတဲ့ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေး၊ ရေထွက်လုပ်ငန်းတွေကိုလည်း ထည့်စဉ်းစားပေးဖို့ရှိပါတယ်" ဟု ဦးအောင်နိုင်ဦးက ရှင်းလင်းပြောကြားသည်။ လျှောက်လွှာများ တင်ပြလျှောက်ထားရာတွင်လည်း ယခင်ဆောင်ရွက်ခဲ့စဉ်များအတိုင်း ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များရှိလုပ်ငန်းရှင်များသည် မိမိတို့ဒေသရှိကုန်သည်ကြီးများအသင်းထံတွင်လည်းကောင်း၊ ရန်ကုန်ရှိလုပ်ငန်းရှင်များအနေဖြင့် UMFCCI ရုံးတွင်လည်းကောင်း လာရောက်လျှောက်ထားနိုင်ကြောင်း ရှင်းလင်းအသိပေးသည်။

Source: https://7day.news/detail?id=190124

## ကုန်စည်အမယ် ၇ မျိုး ပို့ကုန်ဝင်ငွေတိုးမည့် အလားအလာရှိ



ပြည်ပသို့တင်ပို့မှုမှ အဓိကကုန်စည် ၇ မျိုးသည် ပို့ကုန်ဝင်ငွေမြင့်တက်လာမည့်အလားအလာရှိနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးအောင်ထူးက ဇွန် ၂၄ ရက်တွင်ပြောသည်။ "အဓိက ကုန်စည် ၆ မျိုး၊ ၇ မျိုးရှိပါတယ်။အဲဒီအဓိက ကုန်စည်တွေကို စနစ်တကျတိုးတက်အောင် ဆောင်ရွက်နိုင်မယ်ဆိုရင် တစ်မျိုးစီမှအမေရိကန်ဒေါ်လာ ၁ ဘီလျံခန့်ရရှိအောင် ဆောင်ရွက်နိုင်မယ့် အနေအထားတွေ့ရတယ်" ဟု ၎င်းက နေပြည်တော်တွင်ပြုလုပ်သည့် ဝန်ကြီးဌာန၏ စတုတ္ထတစ်နှစ်တာလုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သတ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။ အဆိုပါ အဓိကပို့ကုန်များသည် ပြီးခဲ့သောနှစ်အတွင်း ပြည်ပတင်ပို့ရာတွင် တိုးတက်မှုများရှိခဲ့ခြင်းကြောင့် လာမည့်နှစ်များအတွက် ပို့ကုန်ဝင်ငွေတိုးတက်အောင် လုပ်ဆောင်နိုင်မည့်အနေအထားဖြစ်သည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကဆိုသည်။

မြန်မာနိုင်ငံ၏ အဓိကပို့ကုန် ဆန်ကို ပြည်ပသို့ တင်ပို့ရာတွင် ပြီးခဲ့သောနှစ်က ဆန်တန်ချိန် ၂ သန်းကျော် တင်ပို့ကာ သန်း ၇၀၀ ရရှိခဲ့ပြီး ယခုနှစ်တွင် ၂ ဒသမ ၅ သန်းခန့်တင်ပို့နိုင်မည့်အနေအထားဖြစ်ပြီး လက်ရှိတွင် တန်ချိန် ၂ သန်းကျော် တင်ပို့ထားပြီးဖြစ်သည်။ "ကျန်တဲ့လေးလအတွင်း နောက်ထပ် တန်ချိန် ၅ သိန်း တင်ပို့နိုင်မယ်လို့မျှော်မှန်းပါတယ်။ ကိုဗစ်ကာလအတွင်း စားနပ်ရိက္ခာလိုအပ်ချက် များပြားလာတဲ့အတွက်ကြောင့် ဈေးကွက်သစ်အချို့လည်းရရှိခဲ့ပါတယ်။ ဖိလပိုင်နိုင်ငံရဲ့ ဆန်တင်ဒါ-ဝင်ပြိုင်တဲ့အခါမှာ တန်ချိန် ၇၅၀၀၀ လောက်ရလာတာရှိပါတယ်။ မလေးရှားနဲ့လည်း အစိုးရချင်းချင်းရောင်းချဖို့ စီစဉ်ဆောင်ရွက်မှု ပြုလုပ်နေပါတယ်"ဟု ဦးအောင်ထူးကပြောသည်။

ပြောင်းသီးနှံကို ယခင်က တရုတ်နယ်စပ်တွင် ဘိန်းအစားထိုးသီးနှံအဖြစ်စိုက်ပျိုး၍ တရုတ်သို့တင်ပို့ခဲ့ပြီး ထိုင်းနိုင်ငံဘက်ကို ပိုမိုတိုးချဲ့တင်ပို့နိုင်ခဲ့ရာ ပြီးခဲ့သောနှစ်တွင် တန်ချိန် ၁ ဒသမ ၅၃ သန်း တင်ပို့နိုင်ခဲ့သည်။ ယခုနှစ်တွင် တန်ချိန် ၁ ဒသမ ၇၈ သန်း တင်ပို့နိုင်ခဲ့ရာ တင်ပို့မှုများသည့်အတွက် ပြည်တွင်းလိုအပ်ချက်သည် တိုးတက်လာသည့်အတွက် ပြောင်းတင်ပို့မှုကို ခေတ္တရပ်ထားရသည်ဟုသိရသည်။ "ပြည်တွင်းရှိ အချို့အစာထုတ်လုပ်ငန်းများအတွက် ပြောင်းကိုပြန်လည်တင်သွင်းရမည့် အနေအထားဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

ပဲမျိုးစုံတင်ပို့မှုသည် အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားရှိနေသည့်အပြင် တရုတ်ဝယ်အားလည်း တက်လာသည့်အတွက် ပဲမျိုးစုံတင်ပို့မှုသည် ၂၀၁၈"၂၀၁၉ ဘဏ္ဍာနှစ်တွင် ပဲမျိုးစုံတင်ပို့မှု တန်ချိန် ၁ ဒသမ ၆၄ သန်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဘီလျံရရှိခဲ့ရာ ဆန်တင်ပို့မှုထပ်ပိုမို ဆောင်ရွက်နိုင်ခဲ့သည်ဟုသိရသည်။ အိန္ဒိယနိုင်ငံဘက်ကလည်း ပဲဝယ်လိုအားက ပုံမှန်ဖြစ်နေသည့်အတွက်ကြောင့်မို့ ပဲမျိုးစုံထုတ်လုပ်တက်မည်ဟု ဦးအောင်ထူးကဆိုသည်။

အလားတူ သစ်သီးဝလံတင်ပို့မှုသည်လည်း မြင့်တက်လာခဲ့ပြီး အနာဂတ်အတွက် ကောင်းမွန်ကြောင်း၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်တင်ပို့မှုများကို တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့ပြီး နှစ်တွင် ကျွဲ၊ နွား ကောင်ရေ ငါးသိန်းခန့်အထိတင်ပို့နိုင်ခဲ့သည်။ တရုတ်၏ ဝယ်လိုအားတိုးတက်လာသည့်အတွက် တစ်နှစ်အတွင်း အကောင်ရေတစ်သန်းခန့်ထိ တိုးတက်လာနိုင်သည့်

အနေအထားရှိသည်ဟု ဒုတိယဝန်ကြီးကဆိုသည်။

ရေချိုငါးနှင့် ရေငန်ငါးမွေးမြူရေး တိုးတက်လာသည့်အတွက် ရေထွက်ပို့ကုန်တင်ပို့မှုမှ ပြီးခဲ့သောနှစ်တွင် ကန်ဒေါ်လာ သန်း ၇၀၀ တင်ပို့နိုင်ခဲ့ပြီး ပြည်တွင်း၌ မွေးမြူရေးငါးများ တိုးတက်အောင်ဆောင်ရွက်နိုင်ပါက မကြာခင်ကာလတွင် အမေရိကန်ဒေါ်လာ ၁ ဘီလျံခန့်ထိတင်ပို့နိုင်မည့် အနေအထားဖြစ်သည်ဟု ၎င်းကဆိုသည်။ "စက်မှုနဲ့အထည်ချုပ်လုပ်ငန်း တင်ပို့မှုသည် တိုးတက်လာခဲ့ပါတယ်။ ပြီးခဲ့သော စတုတ္ထတစ်နှစ်တာကာလအတွင်း အထည်ချုပ်တင်ပို့မှုဝင်ငွေက အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၅ ဘီလျံခန့်ရှိခဲ့ပါတယ်။ ဒီပမာဏဟာ လက်ရှိအစိုးရတက်လာတဲ့ ကာလနဲ့နှိုင်းယှဉ်ရင် ၁၀ ဆလောက် တက်လာတဲ့ အနေအထားဖြစ်ပါတယ်။ ဒီနှစ် ကိုဗစ်သာမဖြစ်ခဲ့ဖူးဆိုရင် အထည်ချုပ်ကဏ္ဍက ၁၀ ဘီလျံလောက်ထိ မျှော်မှန်း ထားတာ ဖြစ်ပါတယ်"ဟု ဦးအောင်ထူးကပြောသည်။

ထို့ပြင် မြန်မာနိုင်ငံသည် ပထဝီအနေအထားအပေါ်မူတည်ပြီး တစ်ဆင့်ခံပို့ဆောင် ကုန်သွယ်မှုလုပ်ငန်း တိုးတက်လာတာ တွေ့ရပြီး ယင်းအနက် ကျောက်ဖြူ "ကူမင်းသဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလျံခန့်ရရှိခဲ့သည်ဟု သိရသည်။

**Source:** https://myanmar.mmtimes.com/news/140651.html

## ယခုဘဏ္ဍာနှစ် ပြည်ပသို့ သစ်သီးဝလံတင်ပို့မှု ထူးခြားစွာတိုးတက်၊ အနာဂတ်အတွက် ကောင်းမွန်သည့် အခြေအနေဖြစ်လာမည်



ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ သစ်သီးဝလံတင်ပို့မှု ထူးခြားစွာ တိုးတက်လာပြီး အနာဂတ်အတွက် ကောင်းမွန်သည့်အခြေအနေဖြစ်လာ မည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။ "ပို့ကုန်ပိုင်းမှာ ထူးခြားတဲ့ တိုးတက်မှုတစ်ခုက သစ်သီးဝလံတင်ပို့မှု မြင့်တက်လာခြင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နှစ်အတွင်းမှာဆိုရင် ဖရဲ ၊ သခွားမွေး ၊ သရက်သီးနဲ့ ငှက်ပျောစတဲ့ သစ်သီးဝလံတွေကို မက်ထရစ်တန် ၁ ဒသမ ၇ သန်း တင်ပို့နိုင်ခဲ့ပါတယ်။

၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်ကထက် ၂၁ ရာခိုင်နှုန်း တိုးတက်လာခြင်း ဖြစ်ပါတယ်။ ဒီတင်ပို့မှုကနေလည်း အမေရိကန်ဒေါ်လာ ၄၀၈ သန်း ရရှိခဲ့တဲ့အတွက်ကြောင့် သစ်သီးဝလံ တင်ပို့မှုက အနာဂတ်အတွက် ကောင်းမွန်တယ်လို့ဆိုနိုင်ပါတယ်" ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက အစိုးရ၏ စတုတ္ထ (၁) နှစ်တာအတွင်း ဆောင်ရွက်မှုလုပ်ငန်းစဉ်များ ရှင်းလင်းပွဲတွင်ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာသို့ လယ်ယာထွက်ကုန်များအပါအဝင် အဓိကတင်ပို့နေသည့် ကုန်စည် ၇ မျိုးခန့်ရှိပြီး ယင်းကုန်စည်များအား စနစ်တကျဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နိုင်ပါက တစ်မျိုးချင်းဆီမှ အမေရိကန်ဒေါ်လာ ၁ ဘီလီယံခန့်ရရှိလာနိုင်မည်ဖြစ်ပြီး ပို့ကုန်တိုးမြှင့်ရေးအတွက် ပြည်တွင်းကုန်စည်ပြပွဲများ ပြုလုပ်သည့်အပြင် ပြည်ပကုန်စည်ပြပွဲများတွင်လည်း သွားရောက်ပြသခဲ့ကြောင်း ဒုတိယဝန်ကြီးကပြောသည်။ "ဈေးကွက်အသစ်တွေ ရှာနေပါတယ်။ အခုဆိုရင် ဂျပန်နိုင်ငံကို သရက်သီးတင်ပို့ဖို့ကိစ္စတွေ ၊ ဆားဗီးယားနိုင်ငံကို ငှက်ပျောသီးတင်ပို့ဖို့ ကိစ္စတွေ ကုန်စည်ပြပွဲတွေမှာ ဝင်ပြီးတော့ ပါဝင်ပြသတယ် ။ ပြသတဲ့အခါမှာ အချင်းချင်ချိတ်ဆက်မှု ရလာတာတွေရှိပါတယ်" ဟု ဦးအောင်ထူးကပြောသည်။

သို့ရာတွင် ကိုဗစ်ကပ်ရောဂါကြောင့် တရုတ်နိုင်ငံသို့ ဖရဲ ၊ သခွားနှင့်ရေထွက်ကုန်ပစ္စည်းများတင်ပို့မှုလျော့ကျခဲ့ပြီး ယခင်က ပြောင်းဆံကိုတရုတ်နိုင်ငံသို့ အဓိကထားပို့နေသော်လည်းလက်ရှိတွင် ပြောင်းဆံကို ထိုင်းနိုင်ငံသို့ တန်ချိန် ၁ ဒသမ ၂ သန်းခန့် တင်ပို့ရောင်းချနေကြောင်း ပင်လယ်ရေကြောင်းဘက်မှ ဖိလစ်ပိုင် ၊ အိန္ဒိယ ၊ ဗယက်နမ်နှင့်အခြားနိုင်ငံများသို့ ဈေးကွက်ချဲ့ထွင် ရောင်းချနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။ ယခင်ကကုန်သွယ်မှုတွင် တရုတ်နိုင်ငံသို့ တင်ပို့မှုအများဆုံးဖြစ်ပြီး၊ တင်ပို့မှု ၇၀ ရာခိုင်နှုန်းခန့်ရှိခဲ့ကြောင်း လက်ရှိတွင်

ကုန်သွယ်မှုအခြေအနေများပြောင်းလဲလာခဲ့ပြီး တရုတ်နိုင်ငံသို့ ၃၀ ရာခိုင်နှုန်းခန့်သာတင်ပို့နေပြီး အခြားနိုင်ငံများသို့ ပင်လယ်ရေကြောင်းများမှ ၇၀ ရာခိုင်နှုန်းခန့်တင်ပို့လာနိုင်ခဲ့ကြောင်းၒင်းကပြောသည်။

ယခုအခါ ကုန်သွယ်မှုကဏ္ဍတွင် ယခင်နှစ်များထက် ပုံသေဈေးနှုန်းအရ ၇ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး နိုင်ငံတကာ ကုန်သွယ်မှုကဏ္ဍတွင် စတုတ္ထတစ်နှစ်တာ ကာလအတွင်း အမေရိကန်ဒေါ်လာ စုစုပေါင်း ၃၅ ဒသမ ၀၂ ဘီလီယံ ကုန်သွယ်မှု ပြုလုပ်နိုင်ခဲ့ပြီး ပို့ကုန်အပိုင်းတွင် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၉၆၃ ဘီလီယံ သွင်းကုန်အပိုင်းတွင် ၁၈ ဒသမ ၀၅၈ ဘီလီယံ ဖြစ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/140642.html

## ကာလတူထက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလျံကျော်ပိုမို ရရှိ




နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအသစ်များ ထပ်မံခွင့်ပြုပေးပြီး ယခုဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလျံ ကျော်ရရှိလာသည်ဟု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဇွန် ၂၃ ရက်တွင် ထုတ်ပြန်သည်။ ယခုဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏရရှိထားမှုသည် ယခင်ဘဏ္ဍာနှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလျံ ပိုမိုရရှိထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများသည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်း ၄ ခုနှင့် အတည်ပြုလုပ်ငန်း ၁၀ ခု၊ စုစုပေါင်းလုပ်ငန်း ၁၄ ခုကိုတို့ကို ခွင့်ပြုခဲ့သည်။ အဆိုပါခွင့်ပြုခဲ့သော လုပ်ငန်းများတွင် စက်မှုလုပ်ငန်းနှင့်လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများပါဝင်ပြီး အလုပ်အကိုင် အခွင့်အလမ်း ၈၇၀၀ ကျော် ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း နောက်ဆုံးခွင့်ပြုပေးခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အပါအဝင် ယခုဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၈၉ ခုကို ခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။ အဆိုပါလုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှု ပမာဏများနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ယခုဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလျံကျော်ရှိလာခြင်းဖြစ်သည်။ ကိုဗစ်ကာလမှာ စီးပွားရေးပြန်လည်ဦးမော့လာနိုင်ရန် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် အရေးကြီးသောအခန်းကဏ္ဍတွင်ရှိနေပြီး အလုပ်အကိုင်အခွင့်များဖန်တီးပေးနိုင်မည့်စက်မှုဇုန်များထူထောင်ရန် နိုင်ငံခြားမှကမ်းလှမ်းမှုများရရှိထားကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ဥက္ကဋ္ဌဦးသောင်းထွန်းက ပြီးခဲ့သည့် ရက်သတ္တပတ်တွင် ပြောဆိုထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ယခုဘဏ္ဍာနှစ် ၂၀၁၉ - ၂၀၂၀ တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလျံရရှိရန်လျာထားသည်။ ပြီးခဲ့သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၄ ဒသမ ၁ ဘီလျံကျော်ရရှိခဲ့သည်ဟု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပြန်ထားသည်။

**Source:** https://myanmar.mmtimes.com/news/140637.html

## ကန်ဒေါ်လာ ၁၆ သန်းအသုံးပြု၍ စွမ်းအားမြင့်မျိုးစေ့များ ဖြန့်ဖြူးခြင်းစီမံကိန်းဆောင်ရွက်မည်

မြန်မာနိုင်ငံတွင်ဆောင်ရွက်မည့် စွမ်းအားမြင့်မျိုးစေ့များဖြန့်ဖြူးခြင်းစီမံကိန်းကို Video Conferencing ပြုလုပ်၍ မြန်မာ-ကိုရီးယားနှစ်နိုင်ငံအကြား သဘောတူလက်မှတ်ရေးထိုးခြင်းအစီအစဉ်ကို ဇွန်လ ၂၂ ရက်နေ့က ပြုလုပ်ခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနထံမှသိရသည်။ စီမံကိန်းအရ ကိုရီးယားသမ္မတနိုင်ငံ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ဗဟိုဌာန CCC ၏ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁၆ သန်းဖြင့် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၆ ခုနှစ်အထိ ၇နှစ်ကြာ အကောင်အထည်ဖော်မည့် စွမ်းအားမြင့်မျိုးစေ့များ ဖြန့်ဖြူးခြင်းစီမံကိန်းကို စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် နှင့် CCC

အတွင်းရေးမှူးချုပ်တို့က စီမံကိန်းဆိုင်ရာသဘောတူညီမှု လက်မှတ်ရေးထိုးခဲ့ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ၆ ခုရှိ ကျေးလက်ဒေသများတွင် လောင်စာထင်းသုံးစွဲမှုလျှော့ချနိုင်ရန်၊ သစ်တောပြုန်းတီးမှုမှ ကာကွယ်နိုင်ရန်၊ မြန်မာနိုင်ငံအတွက် Carbon Credit ရရှိနိုင်ရန် ၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ကျေးရွာသစ်လှုပ်ရှားမှုစံပြကျေးရွာများ တိုးချဲ့ထူထောင်နိုင်ရန်စသည့် ရည်မှန်းချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။ စီမံကိန်းကာလ ၇ နှစ်အတွင်း နေပြည်တော်၊ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးများနှင့် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်များရှိ အိမ်ထောင်စုပေါင်း ၁ ဒသမ ၇၂၈ သန်းကို စွမ်းအားမြင့်မီးဖိုများ အခမဲ့ဖြန့်ဖြူးပေးသွားမည်ဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးကျေးရွာသစ် လှုပ်ရှားမှုရန်ပုံငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၂ သန်း ရရှိနိုင်မည်ဖြစ်ကြောင်း ယင်းဌာနထံမှသိရသည်။

လက်မှတ်ရေးထိုးပွဲကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် ညွှန်ကြားရေးမှူးများ၊ ကိုရီးယားသမ္မတနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာဗဟိုဌာန Climate Change Center-CCC မှ အတွင်းရေးမှူးချုပ် Ms. Sohee Kim နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**Source: The Voice**

https://news.ydnp.net/352976/

## ပုဂံမှာ ဟိုတယ် ၂၁ ခု ပြန်ဖွင့်ခွင့်ပေး

ပုဂံမှာ ဒီနေ့အထိ ဟိုတယ်ပေါင်း ၂၁ ခုကို ပြန်လည်ဖွင့်ခွင့်ပေးလိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်နဲ့အညီ ပြန်လည်ဖွင့်လှစ်ခွင့်ပေးထားတာဖြစ်ပြီး၊ နောက်ထပ်တိုင်းအစိုးရကို ပြန်လည်ဖွင့်လှစ်ခွင့်ရရှိဖို့ တင်ထားတဲ့ ဟိုတယ် ၈ လုံးရှိသေးတယ်လို့လည်း ဟိုတယ်နဲ့ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ပုဂံဌာနခွဲရဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်ကပြောပါတယ်။ Covid -19 ကြောင့် ဟိုတယ်တွေ ၃ လကျော်ကြာပိတ်ထားခဲ့ရတာကြောင့် ဟိုတယ်တွေအနေနဲ့လည်း အခက်အခဲတွေနဲ့ ရင်ဆိုင်နေရတယ်လို့ဆိုပါတယ်။ ပြန်လည်ဖွင့်ခွင့်ပြုထားတဲ့ ဟိုတယ်တွေအနေနဲ့လည်း ကျန်းမာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်အတိုင်း အခန်းပြည့် တည်းခိုခွင့်မပြုပဲ အခန်းထပ်ဝက်ကိုပဲ လက်ခံသွားမယ်လို့ Bagan View Hotel ရဲ့ ပိုင်ရှင် မအေးမြစိုးကပြောပါတယ်။ ပုဂံမှာ ပြည်ပခရီးသွားဧည့်သည်လက်ခံမှုကို အောက်တိုဘာလလောက်မှာမှ ပြန်လည်လက်ခံဖို့ရှိနေပြီး၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနဲ့ လာအိုအစရှိတဲ့ နိုင်ငံတွေကိုသာ စတင်လက်ခံဖို့တော့ ပြင်ဆင်ထားတယ်လို့လည်း ဟိုတယ်နဲ့ခရီးသွားညွှန်ကြားမှု ဦးစီးဌာန၊ ပုဂံဌာနခွဲရဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်ကပြောပါတယ်။ ပြည်ပခရီးသွားတွေမလာခင် ပြည်တွင်းခရီးသွားတွေနဲ့ ပုဂံပြန်လည်စည်ကားစေဖို့လည်း လုပ်ဆောင်ဖို့ရှိနေတယ်လို့ ဦးဝင်းအောင်ကပြောပါတယ်။ ပုဂံမှာတော့ ဂေါပကရှိတဲ့ အထင်ကရ ဘုရားပေါင်း ၄၀ ကျော်ဟာ မနက် ၉ နာရီကနေ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားပြီး၊ ကျန်ဘုရားတွေကတော့ အချိန်အကန့်အသတ်မရှိ လေ့လာဖူးမြော်ခွင့်ပေးထားတာပဲဖြစ်ပါတယ်။

**Source:** https://7day.news/detail?id=190043

## အိန္ဒိယက ကိုတာစနစ်ဖြင့် ဝယ်လိုအားများလာ၍ ပြည်တွင်းပဲဈေး အနည်းငယ်တက်

အိန္ဒိယအစိုးရ၏ ကိုတာစနစ်ဖြင့် ပဲဝယ်လိုအားများလာခြင်းကြောင့် ပြည်တွင်းဈေးကွက် တွင် မတ်ပဲနှင့်ပဲစင်းငုံဈေးအနည်းငယ်မြင့်တက်လာကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်း အတွင်းရေးမှူးဦးမင်းကိုဦးကပြောသည်။ လက်ရှိပြည်တွင်းဈေးကွက်တွင် မတ်ပဲတစ်တန်လျှင် ဆယ်သိန်းတစ်သောင်းခွဲကျပ်၊ ပဲစင်းငုံ တစ်တန်လျှင် ရှစ်သိန်းနှစ်သောင်းကျပ်ဈေးဖွင့်သည်။ ၎င်းဈေးနှုန်းသည် ပြီးခဲ့သည့်သီတင်းပတ်နှင့် နှိုင်းယှဉ်ပါက တစ်တန်လျှင် ကျပ် နှစ်သောင်းဈေးတက်လာသည်။

အိန္ဒိယအစိုးရ၏ မတ်ပဲတန် လေးသိန်းတင်သွင်းရန် အိန္ဒိယ ကုန်သည်အချို့ကို သွင်းကုန်လိုင် စင်များချထားပေးသဖြင့်

၎င်းကုန်သည်များက မြန်မာနိုင်ငံမှမတ်ပဲကို တိုးမြှင့်ဝယ်ယူ၍ မတ်ပဲဈေးမြင့်တက်ပြီး ပဲစင်းငုံဈေးပါလိုက်ပါ မြင့်တက်လာသည်။ မတ်ပဲတန်လေးသိန်းကို ဩဂုတ်လကုန်တွင် အပြီးတင်သွင်းရန် အိန္ဒိယအစိုးရက ညွှန်ကြားချက်ထုတ်ပြန်ထားသည်။ လက်ရှိတွင်မြန်မာနိုင်ငံ၏ ပြည်ပသို့ပဲတင်ပို့နိုင်မှုကတစ်လလျှင် တန်ချိန်ရှစ်သောင်းခန့်သာ တင်နိုင်သဖြင့် လက်ကျန်အချိန်တစ်လကျော်အတွင်း အိန္ဒိယအစိုးရကိုတာကို အပြည့်အဝတင်ပို့ရန်ခက်ခဲကြောင်း ပြည်ပသို့ပဲတင်ပို့နေသည့်ကုန်သည်အချို့ကပြောသည်။

အိန္ဒိယသို့ မတ်ပဲတင်ပို့ရန် အချိန်လုံလောက်မှုမရှိနိုင်ခြင်းနှင့်ပတ်သက်၍ "အိန္ဒိယက အောက်တိုဘာအကုန်၊ ဒီဇင်ဘာအကုန်အထိ အချိန်ပေးမယ်လို့တော့ အကိုတို့ကြားထားတယ်။ အတိအကျညွှန်ကြားချက်ထုတ်တာမျိုးတော့မဟုတ်ဘူး"ဟု ဦးမင်းကိုဦးကပြောသည်။ လက်ရှိပြည်တွင်းတွင် မတ်ပဲလက်ကျန် တန်ချိန်နှစ်သိန်းခွဲခန့်နှင့် ပဲစင်းငုံလက်ကျန်တန်ချိန်ငါးသောင်း ကျော်ရှိသည်ဟု ခန့်မှန်းကြောင်း၎င်းကပြောသည်။ အိန္ဒိယကုန်သည်များ၏ ဝယ်လိုအား ပြန်ကောင်းလာခြင်းကြောင့် နယ်ဈေးကွက်များတွင် မတ်ပဲတစ်တင်းလျှင် ကျပ်သုံးသောင်းနှစ်ထောင်င့ါးရာဈေးဖွင့်သည်။

**Source:** https://7day.news/detail?id=190118

## အီးယူနှင့်လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်အား ဗီယက်နမ်နိုင်ငံမှ အတည်ပြုခဲ့ခြင်း

ဥရောပသမဂ္ဂနှင့် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်တစ်ရပ်အား ဗီယက်နမ်နိုင်ငံ က ၈-၆၂၀၂၀ နေ့တွင် အတည်ပြုခဲ့ကြောင်း၊ ယင်းသဘောတူညီချက်သည် အီးယူနှင့်ဗီယက်နမ်နိုင်ငံတို့အကြား ကုန်စည်ကုန်သွယ်မှုတွင် အကောက်ခွန်များ၏ (၉၉) ရာခိုင်နှုန်းကို ဖယ်ရှားပေးမည်ဖြစ်ပြီး၊ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါအလွန်ကာလတွင် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးပိုမိုတိုးတက် စေရေးအတွက် လိုအပ်ချက်များအား ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ အီးယူ – ဗီယက်နမ်လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်ကို ဗီယက်နမ်နိုင်ငံ၊ အမျိုးသားလွှတ်တော်တွင် ထောက်ခံမဲ (၉၄) ရာခိုင်နှုန်းကျော်ဖြင့် အတည်ပြုခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။

အီးယူ–ဗီယက်နမ် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်သည် စင်ကာပူနိုင်ငံပြီးလျှင် ဥရောပသမဂ္ဂအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံနှင့် လက်မှတ်ရေးထိုးခဲ့သည့် ဒုတိယမြောက် သဘောတူညီချက်တစ်ရပ်ဖြစ်ပြီး၊ ဗီယက်နမ်နိုင်ငံအနေဖြင့် မော်တော်ကားကဲ့သို့သော သွင်းကုန်ပစ္စည်းအချို့အတွက် ကူးပြောင်းချိန်ကာလအဖြစ် (၁၀) နှစ် အချိန်ရရှိမည်ဖြစ်ကြောင်း၊ ယင်းသဘော တူညီချက်အရ စာတိုက်လုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ သင်္ဘောလိုင်းနှင့်အစိုးရဝယ်ယူရေးလုပ်ငန်း စသည်တို့အပါအဝင် ဗီယက်နမ်နိုင်ငံ၏ ဝန်ဆောင်မှုလုပ်ငန်းများကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ အီးယူ၏အစားအသောက်နှင့်အဖျော်ယမကာထုတ်ကုန်များဖြစ်သည့် ပြင်သစ်ရှန်ပိန်၊ ဂရိ feta cheese ကဲ့သို့သော ထုတ်ကုန်များအတွက် ဗီယက်နမ်နိုင်ငံအတွင်း၌ တုပပြုလုပ်ခြင်းများကို အကာအကွယ်ပေးခြင်း၊ စံချိန်စံညွှန်းများကိုက်ညီစေခြင်းတို့လည်း ပါဝင်မည်ဖြစ်ကြောင်းသိရှိရပါသည်။

ယင်းသဘောတူညီချက်တွင် လူ့အခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေးဆိုင်ရာ ကတိ ကဝတ်များပါဝင်သော်လည်း ယင်းတို့နှင့်စပ်လျဉ်းသည့် ဗီယက်နမ်နိုင်ငံ၏မှတ်တမ်းများကို ဥရောပတွင် ဝေဖန်မှုများလည်းရှိကြောင်း၊ အီးယူ–ဗီယက်နမ်လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်သည် လာမည့် ၂၀၃၀ ပြည့်နှစ်တွင် ဗီယက်နမ်နိုင်ငံ၏ GDP ကို (၂.၄) ရာခိုင်နှုန်းနှင့် ပို့ကုန်တင်ပို့မှုကို (၁၂) ရာခိုင်နှုန်း မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး၊ လူဦးရေသိန်းပေါင်းများစွာကိုလည်း ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်စေနိုင်မည်ဟု ကမ္ဘာ့ဘဏ်က ပြောကြားထားကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် COVID-19 ကပ်ရောဂါကို တုန့်ပြန်ဆောင်ရွက်နေချိန်တွင် ထိုကဲ့သို့သော အကျိုးကျေးဇူးများသည် စီးပွားရေးတိုးတက်မှုအတွက် အထူးသဖြင့်အရေးကြီးသည်ဟု ကမ္ဘာ့ဘဏ်မှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**Source:** euractiv.com

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## အိန္ဒိယနိုင်ငံ၌ အရည်အသွေးနိမ့် ဈေးနှုန်းချိုသာသည့် ကုန်စည်များအား တင်သွင်းခြင်းမပြုရန် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းမည်

အိန္ဒိယနိုင်ငံမြောက်ပိုင်း Ladakh ဒေသနှင့် တရုတ်နိုင်ငံတို့ နယ်နိမိတ်ထိစပ်နေသော Galwan တောင်ကြားဒေသရှိ ထိန်းချုပ်မှုကြားခံနယ်မြေ (Line of Actual Control) တွင် နှစ်နိုင်ငံ တပ်ဖွဲ့များ ထိပ်တိုက်ရင်ဆိုင်လျက်ရှိရာမှ ၁၅.၆.၂၀၂၀ နေ့၌ ထိတွေ့ခိုက်ရန်ဖြစ်ပွားခဲ့ရာ အိန္ဒိယ နိုင်ငံဘက်မှ စစ်သည် ၂၀ ဦး သေဆုံးပြီး တပ်ဖွဲ့ဝင်အများအပြား ဒဏ်ရာရရှိခဲ့မှုကြောင့် ပြည်တွင်း လူမှုကွန်ယက်မီဒီယာများ၌ တရုတ်နိုင်ငံထုတ် ကုန်ပစ္စည်းများအား သုံးစွဲခြင်းမပြုရန် လှုံ့ဆော်မှု များဖြစ်ပေါ်နေချိန်၌ အိန္ဒိယအစိုးရအနေဖြင့် တရုတ်နိုင်ငံနှင့် အခြားနိုင်ငံများမှ ထုတ်လုပ်သော ဈေးနှုန်းချိုသာပြီး အရည်အသွေးနိမ့်ကျသည့် ကုန်ပစ္စည်းများ တင်သွင်းမှုမရှိစေရန်အတွက် လုပ်ထုံးလုပ်နည်းများကို မကြာမီထုတ်ပြန်ပြဋ္ဌာန်းမည်ဖြစ်ကြောင်း အိန္ဒိယ စားသုံးသူရေးရာ၊ အစားအစာနှင့် ပြည်သူ့ဖြန့်ဖြူးမှုရေးရာဝန်ကြီး Mr. Ram Vilas Paswan က Economic Times သတင်း ဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ထုတ်ဖော်ပြောကြားခဲ့ပါသည်။

ဝန်ကြီး Mr. Paswan က အိန္ဒိယစံချိန်စံညွှန်းများဗျူရို (BIS) ကို အားကောင်းခိုင်မာစွာ တည်ထောင်ထားပြီးဖြစ်ရာ လက်ရှိကာလ၌ ကုန်စည်အမျိုးအမည် ၂၅၀၀၀ ကျော်၏ အိန္ဒိယနိုင်ငံအမျိုးသားအဆင့် စံချိန်စံညွှန်းများအား ပြုစုထုတ်ပြန် ထားပြီးဖြစ်ကြောင်း၊ စံချိန်စံညွှန်းဥပဒေအသစ်ကိုလည်း ပြဋ္ဌာန်းထားပြီး ၎င်းဥပဒေအရ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းသတ်မှတ်ချက်များကို ရေးဆွဲပြုစုမှုမှာ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံထုတ် ကုန်ပစ္စည်း များအားတင်ပို့ရာတွင် ပြည်ပ၌ တင်းကျပ်စွာစစ်ဆေးခံရသော်လည်း ပြည်ပနိုင်ငံများမှ ကုန်စည်များမှာမူ အရည်အသွေးပိုင်း ဆိုင်ရာ စစ်ဆေးကြပ်မတ်မှုမရှိပဲ အိန္ဒိယသို့ တင်သွင်းခွင့်ရလျက်ရှိကြောင်း၊ သို့ဖြစ်ရာ လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များ ထုတ်ပြန်ပြီးစီးပါက အရည်အသွေးစံမမီသည့် ထုတ်ကုန်များအား ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်မှုမရှိအောင် တားဆီး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေ၌ တရုတ်နိုင်ငံနှင့် နယ်စပ်ပြဿနာကိစ္စရပ်သည် ပေါ့ဆစွာကိုင်တွယ်၍ မရကြောင်း၊ တစ်ဖက်တွင် သံတမန်နည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်နေချိန်၌ အိန္ဒိယနိုင်ငံသားများအနေဖြင့် တရုတ်နိုင်ငံ ထုတ်ကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲမှု မပြုပဲ သပိတ်မှောက်ခြင်းဖြင့် တုန့်ပြန်နိုင်ကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ စည်းမျဉ်း များအောက်တွင် အရည်အသွေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များဖြင့် သွင်းကုန်များအား တားမြစ်ပိတ်ပင်နိုင်မှု ရှိ/မရှိကို ၎င်းအနေဖြင့် ပြောကြားနိုင်ခြင်းမရှိသော်လည်း ပြည်သူလူထု၏ နိုးကြားသိမြင်မှုရှိပါက မည်သူကမျှ ၎င်းတို့၏ ထုတ်ကုန်များကို ဝယ်ယူတင်သွင်းရန် တွန်းအားပေး၍ရမည်မဟုတ်ကြောင်း၊ တရုတ်နိုင်ငံနှင့်ကုန်သွယ်ရာ၌ ပိုမိုကျယ်ပြန့် သည့် မဟာဗျူဟာဖြင့် လုပ်ဆောင်နိုင်ရန်မှာ ဘဏ္ဍာရေးနှင့် ကူးသန်းရောင်းဝယ်ရေးတို့ကဲ့သို့သော ဝန်ကြီးဌာနများ၏ အခန်းကဏ္ဍ မှာလည်း အရေးကြီးကြောင်း၊ ၎င်း၏ဌာနအနေဖြင့်မူ တရုတ်နိုင်ငံမှ ထုတ်လုပ်သောစံမမီသည့် ကုန်စည်များအားဝယ်ယူ တင်သွင်းခြင်းကို လိုလားမှုမရှိကြောင်းစသည်ဖြင့် ပြောဆိုပါသည်။

နှစ်နိုင်ငံနယ်စပ်ပြဿနာဖြစ်ပွားမှုအပေါ် အိန္ဒိယကုန်သည်များကွန်ဖက်ဒရေးရှင်း (CAIT) က ပြည်တွင်းထုတ် ကုန်စည် များဖြင့် အစားထိုးသုံးစွဲနိုင်သည့် တရုတ်နိုင်ငံမှထုတ်လုပ်သော ကုန်ပစ္စည်း ၃၀၀၀ ကျော်၏ အမျိုးအမည်စာရင်းအား ၁၇.၆.၂၀၂၀ နေ့တွင်ထုတ်ပြန်ခဲ့ပြီး ၎င်းကုန်ပစ္စည်းများအား ဝယ်ယူသုံးစွဲခြင်းမပြုပဲ သပိတ်မှောက်ရန် တိုက်တွန်း နှိုးဆော်လျက် ရှိသည်။ သို့ရာတွင် အိန္ဒိယပြည်တွင်းရှိ ကုန်ထုတ်လုပ်ငန်းများစွာသည် တရုတ်နိုင်ငံမှတင်သွင်းလာသည့် ကုန်ကြမ်းများအပေါ် မှီခိုနေရဆဲဖြစ်ပါသည်။

ထိုကဲ့သို့ တရုတ်နိုင်ငံထုတ်ကုန်များအား သပိတ်မှောက်ပါက ၎င်းကုန်စည်များအပေါ်အမှီပြုနေရသည့် ပြည်တွင်းရှိ လုပ်ငန်းငယ်များအပေါ် သက်ရောက်နိုင်မှုနှင့်ပတ်သက်၍ Economic Times သတင်းဌာန၏မေးမြန်းချက်အပေါ် Mr. Paswan က ပုဂ္ဂိုလ်တစ်ဦးချင်း၊ အဖွဲ့အစည်းတစ်ခုချင်း၏ အရေးကိစ္စထက် နိုင်ငံ၏အရေးကိစ္စကို ဦးစားပေးရန်လိုအပ်ကြောင်း၊ ပြည်တွင်း လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီမှုနှင့်ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်မှုရှိအောင် ကြိုးစားဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့်ဝန်ကြီးချုပ်၏ Atmanirbhar Bharat ခေါ် ကိုယ့်အားကိုယ်ကိုးရပ်တည်နိုင်ရေး ရည်မှန်းချက်နှင့် အိန္ဒိယတွင်ထုတ်လုပ်ရေး (Make in India) တွန်းအားပေးလမ်းညွှန်ချက်တို့နှင့်အညီ မလိုအပ်သော သွင်းကုန် များအား လျှော့ချရမည်ဖြစ်သည်ဟု ပြောကြားခဲ့ကြောင်းသိရှိရပါသည်။

Source: 1. Rules soon to block cheap imports from China, others: Ram Vilas Paswan, 18 Jun 2020, Economic Times

2. India–China border row: Traders' body CAIT releases list of 500 Chinese items to be boycotted, 17 Jun 2020, Business Today

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## COVID-19 ကမ္ဘာ့ကပ်ရောဂါကူးစက်ပျံ့နှံ့မှု မြင့်တက်လျက်ရှိခြင်းကြောင့် အာရှနှင့် ပစိဖိတ်ဒေသ အတွက် ဖွံ့ဖြိုးတိုးတက်ရန် မျှော်မှန်းချက်အား ပြန်လည်လျှော့ချသွားမည်ဖြစ်ခြင်း

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ ထုတ်ပြန်မည့် ကမ္ဘာ့စီးပွားရေးသုံးသပ်ချက် တွင် အာရှနှင့် ပစိဖိတ်ဒေသအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်ခန့်မှန်းချက်အား ပြန်လည်ပြင်ဆင်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ပထမ လေးလပတ်တာကာလအတွင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး တိုးတက်နှုန်းသည် အကျဖက်သို့ ဦးတည်လျက်ရှိကြောင်း၊ အချို့ သောနိုင်ငံများသည် ကမ္ဘာ့ကပ်ရောဂါပျံ့နှံ့မှုအားထိန်းချုပ်ရန် ခက်ခဲလျက်ရှိသည့်အတွက် အဆိုပါနိုင်ငံများ၏ စီးပွားရေးအပေါ်သက်ရောက်မှုများ ဖြစ်ပေါ်လာကြောင်း၊ IMF အနေဖြင့် ကမ္ဘာ့ စီးပွားရေးအပေါ် သုံးသပ်ချက်အသစ်အား ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ (၂၄) ရက်နေ့တွင်ထုတ်ပြန်ရန် မျှော်မှန်းထားကြောင်း၊ အဆိုပါသုံးသပ်ချက်တွင် မျှော်မှန်းထားသည်ထက် ပိုမိုကြာမြင့်စွာပိတ်ဆို့ထားခြင်း၊ ကမ္ဘာ့ကုန်သွယ်မှုသည် အကျဖက်သို့ဦးတည်လျက် သွယ်ဝိုက်အကျိုးသက်ရောက်မှုများ မြင့်တက်လာခြင်းတို့ကြောင့် IMF အနေဖြင့် စီးပွားရေးတိုးတက်မှုနှုန်း မျှော်မှန်းချက်များအား ပြန်လည်ပြင်ဆင်သွားမည် ဖြစ်ကြောင်း၊ IMF မှ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလအတွင်းထုတ်ပြန်ခဲ့သည့် ကမ္ဘာ့စီးပွားရေးသုံးသပ်ချက်တွင် COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်း အာရှဒေသ၏ ဖွံ့ဖြိုးတိုးတက်နှုန်းအား ၁၉၆၀ ပြည့်လွန်နှစ်များမှစတင်၍ အနိမ့်ဆုံးနှုန်းဖြစ်သည့် (၀) ရာခိုင်နှုန်း၌ ရှိနေမည်ဟုခန့်မှန်းထားကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် (၁.၂) ရာခိုင်နှုန်းဖြင့် အသင့်အတင့် တိုးတက်မည်ဟု ခန့်မှန်းထားကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံအတွင်းကမ္ဘာ့ကပ်ရောဂါကူးစက်ပျံ့နှံ့မှုအား လျင်မြန်စွာ ထိန်းချုပ်နိုင်ရန်ဆောင်ရွက်ခဲ့ပြီး တည်ငြိမ်မှုရှိစေမည့် မူဝါဒအထောက်အပံ့၊ စီမံဆောင်ရွက်မှုများအားအချိန်နှင့် တပြေးညီ လုပ်ဆောင်ခဲ့ကြောင်း၊ သို့ရာတွင် ၂၀၂၀ ပြည့်နှစ်၊ ဒုတိယလေးလပတ်အတွင်း၌လည်း ကမ္ဘာ့ကုန်သွယ်ရေးဆက်လက်ကျဆင်းမည်ဖြစ်ပြီး တရုတ်နိုင်ငံအနေဖြင့်လည်း ရှောင်လွှဲနိုင်မည်မဟုတ်ကြောင်း၊ ကမ္ဘာ့ဘဏ်မှ နောက်ဆုံးထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ ၂၀၂၀ ပြည့်နှစ် အတွင်း အရှေ့အာရှပစိဖိတ်ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုသည် (၀.၅) ရာခိုင်နှုန်းအထိ ကျဆင်း မည်ဖြစ်ပြီး အဆိုပါဒေသသည် ယခုနှစ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်မည့် တစ်ခုတည်းသောဒေသဖြစ်ကြောင်း၊ တောင်အာရှဒေသအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာမူ (၂.၇) ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ဖွယ်ရှိကြောင်း၊ ကမ္ဘာ့ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုအပေါ် အပြည့်အဝပြန်လည်ခုခံသွားရန်လိုအပ်ကြောင်း၊ အကယ်၍ဘဏ္ဍာရေးဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်နိုင်ခြင်းမရှိပါက အသုံးစရိတ်များအား ကျန်းမာရေးအတွက်လွှဲပြောင်းအသုံးပြုသင့်သည်ဟု IMF မှ အကြီးတန်းအရာရှိမှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

source:https://www.globaltimes.cn/content/1191146.shtml

# STOCK EXCHANGE (25.6.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 25th Jun. 2020


### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | -500 | -4.55% | 11,000 | 11,000 | 10,500 | 1,129 | 11,866,500 | 27,112,747 | 284,684 |
| MTSH | 00002 | 3,800 | -100 | -2.56% | 3,850 | 3,850 | 3,800 | 3,117 | 11,845,750 | 38,929,150 | 147,931 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 2 | 16,400 | 10,400,986 | 85,288 |
| FPB | 00004 | 22,500 | +0 | +0.00% | 22,500 | 22,500 | 22,500 | 423 | 9,517,500 | 2,472,053 | 55,621 |
| TMH | 00005 | 2,800 | +50 | +1.82% | 2,800 | 2,800 | 2,800 | 4 | 11,200 | 12,823,224 | 35,905 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 5 | 13,500 | 19,977,223 | 53,939 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 445.82 | -11.30 | -2.47% | 455.81 | 456.24 | 445.82 | 4,680 | 33,270,850 | 6 | 663,368 |

### Index chart




## Market Overview

As of 1:00 pm, 25th Jun. 2020

| MYANPIX | 445.82 ▼ 11.30 |
|---|---|
| Total Volume (shares) | 4,680 |
| Total Value (MMK) | 33 mil |
| Listed Company | 6 |
| Market Cap. (MMK) | 663,368 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▼ 500 |
| MTSH | 00002 | 3,800 | ▼ 100 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 50 |
| EFR | 00006 | 2,700 | ▲ 0 |